**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**

**ဝါရှင်တန်မြို့**

# “နှစ်သစ်ကူးသဝဏ်လွှာ”

နှစ်သစ်မင်္ဂလာအခါသမယတွင် အမေရိကန်ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်လျက် ရှိသော မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများ၊ မြန်မာနွယ်ဖွားများနှင့် မိတ်ဆွေသင်္ဂဟများ အားလုံးကို ကိုယ်စိတ်နှလုံး အေးချမ်းသာယာပြီး ကျန်းမာရွှင်လန်းပါစေရန် မြန်မာသံရုံးမိသားစုများမှ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကုန်ဆုံးခဲ့သည့်နှစ်ကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ကပ်ရောဂါများနှင့် နောက်ဆက်တွဲ ပြဿနာများကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဝမ်းနည်းပူဆွေးမှုတွေ၊ စိုးရိမ်ကြောင့်ကြမှုတွေကို လူသားအားလုံးအနေနဲ့ ခက်ခက်ခဲခဲရင်ဆိုင်ကျော်ဖြတ်ခဲ့ကြရတာကို တွေ့ရှိရမှာဖြစ်ပါသည်။ မိမိချစ်ခင်နှစ်သက်သည့် မိသားစုဝင်များ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းပူဆွေးမှုများ ကြုံတွေ့ခဲ့ရသလို မိတ်ဆွေအပေါင်းအသင်းများနှင့်အတူ တွေ့ဆုံပျော်ရွှင်နိုင်ရန် အခွင့်အလမ်း ဆုံးရှုံးမှုများ ရှိခဲ့သည့်ကြားမှ မိမိတို့အားလုံးသည် အဆိုးထဲမှ အကောင်းများ ရှာဖွေအသုံးချပြီး အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြပါသည်။ ကမ္ဘာ့နိုင်ငံခေါင်းဆောင်များနှင့် အစိုးရများသည်လည်း မိမိတို့နိုင်ငံရှိ နိုင်ငံသူ/နိုင်ငံသားများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ယန္တရားများ ပုံမှန်အတိုင်း လည်ပတ်နိုင်ရေးနှင့် ကပ်ရောဂါကြောင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းများကို ကြံဆအကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သည့် အားတက်စရာ ဖြစ်စဉ်များကိုလည်း တွေ့မြင်ခဲ့ရပါသည်။

ထင်ရှားသော သာဓကအနေဖြင့် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတွင် ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများသည် ကူးစက်ရောဂါ ဖြစ်ပွားနေသည့် ကာလဖြစ်သည့်တိုင် ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာလျက် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်ခြင်းဖြင့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ယင်းနှင့်ဆက်စပ်၍ မြန်မာနိုင်ငံ၏ (၂၀၂၀)ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အမေရိကန်ရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ အစမှအဆုံးအထိ အောင်မြင်ပြီးမြောက်အောင် ကိုယ်ရောစိတ်ပါ ပူးပေါင်းပါဝင်ခဲ့သူများ အားလုံးကိုလည်း ကျေးဇူးဥပကာရတင်ရှိပါသည်။

ယခင်နှစ်ကုန်ပိုင်းတွင် ကပ်ရောဂါဆိုးကြီးကို ကာကွယ်နိုင်မည့် ကာကွယ်ဆေးများ စတင်ထုတ်လုပ်ထိုးနှံသည့် သတင်းကောင်းများကြောင့် နှစ်သစ်တွင် ကပ်ရောဂါနှင့် နောက်ဆက်တွဲဆိုးကျိုးများကို လျှော့ချထိန်းချုပ်နိုင်တော့မည်ဖြစ်သည့်အတွက် မင်္ဂလာရှိပြီး နိမိတ်ကောင်းများလည်း အားလုံးကတွေ့မြင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံသည်လည်း ကပ်ရောဂါလွန်ကာလ၌ ကဏ္ဍအသီးသီးအတွက် ပြန်လည်ထူထောင်ရေး စီမံချက်များကို ရေးဆွဲထားပြီးဖြစ်ရာ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုများကို အမှန်တကယ်မြင်တွေ့ရမည့် နှစ်တစ်နှစ်လည်းဖြစ်ပါသည်။

ယခုလို မင်္ဂလာနှင့်ပြည့်စုံသော နှစ်သစ်အခါသမယ၌ ဝါရှင်တန်မြို့၊ မြန်မာသံရုံးအနေဖြင့် မြန်မာ-အမေရိကန်ပြည်ထောင်စု နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အမေရိကန်ရောက် မြန်မာနိုင်ငံသားများ၏အကျိုးကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတော်အစိုးရ၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု သိန္နိဋ္ဌာန်ပြုပါကြောင်း ထပ်လောင်းအတည်ပြု ဖော်ပြအပ်ပါသည်။

**မြန်မာသံရုံး၊ ဝါရှင်တန်မြို့။**

**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်။**